## အခွန်(Tax)

အခွန်ဆိုသည်မှာ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်သူများ၏ အကျိုးအတွက် နိုင်ငံတော်အစိုးရမှ ကျခံဆောင်ရွက်ရန် ပုဂ္ဂိုလ်တစ်ဦးချင်း အနေဖြင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းအဖွဲ့ အစည်းများ အနေဖြင့် လည်းကောင်း မထည့်မနေရ ထည့်ဝင်ရမည့်ငွေဖြစ်သည်။ အခွန်၏အင်္ဂါရပ် များမှာ–

- နိုင်ငံသားတိုင်းသည်ဥပဒေအရ ပေးဆောင်ရမည့်အခွန်အကောက် များကိုပေးဆောင်ရန်တာဝန်ရှိပြီးပေးဆောင်ရန် ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပေးဆောင်ရမည်ဖြစ်ခြင်း၊
- နိုင်ငံသားဖြစ်စေ၊ နိုင်ငံခြားသားဖြစ်စေ နိုင်ငံတော်အတွင်း နေထိုင်ခြင်းကြောင့်လည်းကောင်း၊ ဝင်ငွေနှင့် ပိုင်ဆိုင်မှုကြောင့် လည်းကောင်း ပေးဆောင်ရခြင်း၊
- စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်အတွင်း ဆောင်ရွက်ခြင်းကြောင့် ပေးဆောင်ရခြင်း၊
- ယင်းသို့ပေးဆောင်ရခြင်းကြောင့် သီးခြားအကျိုးခံစားခွင့်မရှိဘဲ အများနှင့်အတူ ပြည်သူတစ်ဦး အနေဖြင့်သာ အကျိုးခံစားခွင့် ရှိခြင်း၊

## အခ(Fees)

နိုင်ငံတော်အစိုးရသို့ ပေးဆောင်ရသော အခ (အခကြေးငွေ) များ ဖြစ်ပြီးပေးဆောင်ရသူအနေဖြင့် တိုက်ရိုက်အကျိုးခံစားခွင့်ရရှိကာ အပေး အယူသဘောမျိုး ဖြစ်သည်။ အခ(အခကြေးငွေ) ၏ သဘောသဘာဝအရ ပေးဆောင်သူက ၎င်း၏ဆန္ဒအရ၎င်း၏ ကိုယ်ကျိုးစီးပွားအတွက် ပေးဆောင် ခြင်းသာဖြစ်ပါသည်။(ဥပမာ–တံတားဖြတ်သန်းခ၊ စည်ပင်လိုင်စင်ခ စသည့် နိုင်ငံတော်အစိုးရသို့ ပေးဆောင်ရသည့်အခ (အခကြေးငွေ)များမှာ အသုံးပြု သူတစ်ဦး၊ လုပ်ငန်းရှင်တစ်ဦးက ၎င်း၏ကိုယ်ကျိုးစီးပွားအတွက် ပေးဆောင်မှုသာ ဖြစ်ပြီး၊ အဆိုပါ အခ(အခကြေးငွေ) ပေးဆောင်ပြီးမှသာ တံတား ဖြတ်သန်းခွင့် ၊ လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိမည်ဖြစ်သည်။)






## အခွန်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများအတွက် ပညာ ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ တရား ဥပဒေစိုးမိုးရေး၊ ကာကွယ်ရေး၊ အခြေခံအဆောက်အအုံများ ပြည့်စုံရေး အစရှိ သည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် အသုံးစရိတ် ကာမိ စေရန် ဘဏ္ဍာငွေရရှိရေးနှင့် နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များကို အထောက်အကူပြုရေး စသည့် ရည်ရွယ်ချက်များအပေါ်တွင်သာ အခြေပြု ကောက်ခံခြင်းမဟုတ်ဘဲ အောက်ပါရည်ရွယ်ချက်များကိုပါ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် ကောက်ခံခြင်းဖြစ်ပါသည်–

- နိုင်ငံတော်တွင် ညီညွတ်မျှတသော အရအသုံးငွေကြေးစနစ် ပေါ်ပေါက်စေပြီး ငွေကြေးလည်ပတ်မှုကို မှန်ကန်စေ၍ ငွေကြေး ဖောင်းပွမှု မပေါ်ပေါက်အောင်ထိန်းသိမ်းပေးရန်၊
- စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်စနစ်ဖြင့် ထိန်းညှိပေးရန်၊
- ကုန်ဈေးနှုန်းတည်ငြိမ်မှုအတွက် အထောက်အကူဖြစ်စေရန်၊
- ဓနအင်အားမျှတစေရန်၊
- နိုင်ငံတော်၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး ရည်မှန်းချက် များ အကောင်အထည်ဖော်ရေးကို အထောက်အကူဖြစ်စေရန်၊
- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေရှည် တည်တံ့ခိုင်မြဲရေးအတွက်အခွန်ကောက်စနစ်ဖြင့်ထိန်းညှိပေးရန်၊
- အရက်၊ စီးကရက် စသော တားမြစ်လိုသည့် ကုန်စည်များကို အခွန်အကောက်စနစ်ဖြင့် ဟန့်တားနိုင်ရန်။

## အခွန်အမျိုးအစားများ

အဓိကအားဖြင့် တိုက်ရိုက်ခွန်နှင့် သွယ်ဝိုက်ခွန်ဟူ၍ (၂) မျိုး ခွဲခြား ထားပါသည်–

**တိုက်ရိုက်ခွန်** ဆိုသည်မှာအခွန်ထမ်းမှတိုက်ရိုက်ပေးသွင်းရသည့် အခွန်အမျိုးအစားဖြစ်ပါသည်။ အခြားသူထံမှကောက်ခံ၍ မိမိအမည်ဖြင့် ပေးသွင်း၍မရသောအခွန်ဖြစ်သည်။ အခွန်တာဝန်မှာ အခွန်ထမ်းအပေါ်တွင် တိုက်ရိုက် ကျရောက်သည်။ (ဥပမာ– ဝင်ငွေခွန်)

**သွယ်ဝိုက်ခွန်** ဆိုသည်မှာ စားသုံးသူ/ ဝန်ဆောင်မှုရယူသူ ထံမှ ကောက်ခံ၍ လုပ်ငန်းရှင်/ လုပ်ငန်းဆောင်ရွက်သူ အမည်ဖြင့် လွှဲပြောင်း ပေးသွင်းရသည့် အခွန်အမျိုးအစားဖြစ်ပါသည်။ အခွန်တာဝန်မှာ အခွန်ထမ်း အပေါ်တွင် မကျရောက်ဘဲ ကုန်စည်ကို ဝယ်ယူသူ၊ ဝန်ဆောင်မှုရယူသူအပေါ်တွင် ကျရောက်ပါသည်။ (ဥပမာ– ကုန်သွယ် လုပ်ငန်းခွန်)

## နိုင်ငံတော်၏ အခွန်အကောက်ဖွဲ့စည်းထားရှိမှု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အတွက် ပြည်ထောင်စုဝန်ကြီးဌာန (၈) ခုနှင့် နေပြည်တော်ကောင်စီတို့က အခွန်အကောက်အမျိုးအစား (၂၂) မျိုးကို အောက်ပါအခွန်အုပ်စုကြီး (၄) မျိုး ခွဲခြား၍ ကောက်ခံလျက်ရှိပါသည် –

- ပြည်တွင်းထွက်ကုန် နှင့် ပြည်သူပြည်သားများသုံးစွဲမှု အပေါ် ကောက်ခံသည့်အခွန်အကောက်
- ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ်ကောက်ခံသည့်အခွန်အကောက်
- အကောက်ခွန်
- နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်

နိုင်ငံတော်ကကောက်ခံရရှိသည့် အခွန်ကောက်များအား နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး ၊ လမ်းပန်း ဆက်သွယ်ရေး ၊ လျှပ်စစ်ဓာတ်အား ရရှိရေး အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဥပဒေအရ ကျသင့်အခွန် များအား သတ်မှတ်ကာလအတွင်း မှန်မှန်ကန်ကန် ၊ ပြည့်ပြည့်ဝဝ ပေးဆောင်ရန်အလေးအနက် တိုက်တွန်းအပ်ပါသည်။

## ပြည်တွင်းအခွန်များဦးစီးဌာနကကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ

၂၀၁၉ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုအစိုးရက ကောက်ခံသည့် အခွန်အကောက်(၂၂ -မျိုး)၏ ကောက်ခံရန် မူလလျာထားချက် စုစုပေါင်းမှာ ကျပ်( ၇၉၆၉) ဘီလီယံ ကျော်ရှိပြီး ကောက်ခံရမည့် အခွန်အကောက် စုစုပေါင်း၏ ၈၀ % ကျော်အား ပြည်တွင်းအခွန်များဦးစီးဌာနက တာဝန်ယူ ကောက်ခံပေးရမည် ဖြစ်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသော အခွန်အမျိုး အစား (၆) မျိုးမှာ -

### ဝင်ငွေခွန်

၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေအရ ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ်တွင် ကောက်ခံသည့်အခွန်ဖြစ်ပါသည်။ ကောက်ခံရမည့် မူလလျာထားချက်မှာ ကျပ် (၂၄၇၃.၆၈၅) ဘီလီယံရှိပါသည်။

### ကုန်သွယ်လုပ်ငန်းခွန်

၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ပြည်တွင်း၌ ကုန်စည် ထုတ်လုပ်ရောင်းချခြင်း၊ ကုန်စည်တင်သွင်းခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်းနှင့် ဝန်ဆောင်မှုဆောင်ရွက်ခြင်းတို့အပေါ် ကောက်ခံသည့် အခွန်ဖြစ်ပါသည်။ ကောက်ခံရမည့် မူလလျာထားချက်မှာ ကျပ်(၂၂၂၇.၉၆၄) ဘီလီယံရှိပါသည်။

### အထူးကုန်စည်ခွန်

၂၀၁၆ ခုနှစ် အထူးကုန်စည်ခွန်ဥပဒေအရ ကန့်သတ်လိုသည့်ကုန်စည်များတင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် တင်ပို့ခြင်းများအပေါ် ကောက်ခံသည့် အခွန်ဖြစ်ပါသည်။ ကောက်ခံရမည့်မူလလျာထားချက်မှာ ကျပ်(၁၃၄၈.၅၄၁) ဘီလီယံရှိပါသည်။

### တံဆိပ်ခေါင်းခွန်

၁၈၇၀ပြည့်နှစ် ရုံးခွန်အက်ဥပဒေနှင့် ၁၈၉၉ခုနှစ် မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေတို့အရ စာမှတ်စာတမ်းများတင်သွင်းခြင်းနှင့် စာချုပ်စာတမ်းများ ချုပ်ဆိုခြင်းတို့အတွက် ပေးဆောင်ရသည့်အခွန်ဖြစ်ပါသည်။ ကောက်ခံရမည့် မူလလျာထားချက်မှာ ကျပ်(၈၅.၄၀၈) ဘီလီယံ ရှိပါသည်။

### အောင်ဘာလေသိန်းဆုခွန်

အောင်ဘာလေသိန်းဆုဌာနခွဲမှ ရောင်းချဖြန့်ဖြူးလျက်ရှိသော ထီစာအုပ်ရောင်းရငွေ၏ ၆၀% ကို ထီဆုငွေအဖြစ်ခွဲဝေ၍ ကျန် ၄၀% ကို အောင်ဘာလေသိန်းဆုခွန်အဖြစ် ကောက်ခံပါသည်။ အောင်ဘာလေသိန်းဆု ဖွင့်ပွဲ ထီဆုရလက်မှတ်မှ ထုတ်ယူရရှိငွေအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ရရှိပါသည်။ ကောက်ခံရမည့်မူလလျာထားချက်မှာ ကျပ် (၁၆၅) ဘီလီယံ ရှိပါသည်။

### ရတနာခွန်

၂၀၁၉ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ ၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၃ နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၈၆/ ၂၀၁၉) တို့အရ ကျောက်မျက်ရတနာများရောင်းချခြင်းအပေါ် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရောင်းချသူနှင့် အကောက်ခွန်ဦးစီးဌာနတို့က ကောက်ခံ၍ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရသည့်အခွန်အမျိုးအစားဖြစ်ပါသည်။ ကောက်ခံရမည့် မူလလျာထားချက်မှာ ကျပ်(၁၀၀) ဘီလီယံ ရှိပါသည်။

အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ပြန်ကြားရေးအဖွဲ့ (ရုံးချုပ်)၊ နေပြည်တော် ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်)၊ ဖုန်း -၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ဖုန်း-၀၂-၄၀၃၀၁၉၂ သို့မေးမြန်းစုံစမ်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ဝင်ရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကို download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသော အခွန်အကြောင်းသိကောင်းစရာများ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

**Internal Revenue Department**
**Office Building No.(46), Nay Pyi Taw**
**https://www.ird.gov.mm**

**“ Tax by the Law, Service by our Heart ”**